# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၂၈ - ၉ - ၂၀၂၆ ] ( တနင်္လာနေ့ ) နေ့လယ် ၁၃း၃၀ နာရီ

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

( က ) ဦးခင်မောင်မြင့်၊ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇)၏ **ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ မားသဲကျေးရွာ အုပ်စုရှိ ကျေးရွာအများစု ဆက်သွယ်သွားလာသည့် ဗထူး - မုံပြင်လမ်း (၁၈)မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် မုံပြင် - ရေဖြူလမ်း (၁)မိုင်ကို မြေသားအမာခံ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါ်မာလာဆန်း၊ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂)၏ **ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ်၊**

**အောင်ပန်းမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးတို့အတွက် အောင်ပန်းမြို့တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါ်မီမီကျော်ထွန်း၊ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄)၏ **ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့နယ်၊ မိုင်းခွန်းကျေးရွာ အုပ်စုနှင့် ဆက်သွယ်ထားသော လမ်းပိုင်း(၁၃)မိုင်ရှိပြီး ၎င်း(၁၃)မိုင်တွင် ကွန်ကရစ်လမ်း (၂)မိုင် (၇)ဖာလုံ၊ အမာခံလမ်း (၈)မိုင် (၁)ဖာလုံနှင့် မြေသားလမ်း (လမ်းမဖောက်ရသေး) (၂)မိုင်ရှိပြီး ကွန်ကရစ်ခင်းရန် ကျန်ရှိသော အပိုင်းအား ကွန်ကရစ် ဆက်လက်ခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်မီမီကျော်ထွန်း၊ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄)၏ **၂၀၂၆ခုနှစ်၊ ပြည်ထောင်စုအခွန်ဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ စနစ်တကျစုဆောင်းရရှိရေး၊ ဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ အခွန်ပေးဆောင်နိုင်ရေးနှင့် ခရိုင်အဆင့်ဒေသအဖြစ် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လာစေရေးတို့အတွက် တနိုင်းမြို့နယ်တွင် အခွန်ဦးစီးဌာနရုံး တည်ဆောက်ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးကျော်ကျော်လတ်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀)၏ **CHUBB Life Myanmar Insurance Company နှင့်ပတ်သက်၍ ပြည်သူများ၏ အာမခံအခွင့်အရေးများ ဆုံးရှုံး**

**နေမှုကို သက်ဆိုင်ရာ ဌာနများမှ မည်သို့ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဒေါ်ခင်ဆွေ၊ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂)၏ **ပြည်ပမှ မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း/ ထွက်ခွာသည့်အခါ အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေး ရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်း ကာကွယ်ရေးစနစ် ဥပဒေ/ နည်းဥပဒေ ပြဋ္ဌာန်းရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ် များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း -

(က) ဦးသောင်းရွှေ၊ ပဲခူးတိုင်းဒေသကြီး
အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်( ၉ )

( ခ ) ဦးစိုးကြည်၊ တနင်္သာရီတိုင်းဒေသကြီး
အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁)

( ဂ ) ဦးတင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး
အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်( ၈ )

(ဃ) ဦးမင်းမင်းထွန်း၊ ကချင်ပြည်နယ်
အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈)

( င ) ဦးကျော်တင့်၊ မန္တလေးတိုင်းဒေသကြီး
အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂)

( စ ) နော်ယုဇနဝါ၊ ကရင်ပြည်နယ်
အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁)

**မှတ်ချက်။** တစ်ဦးချင်း သတ်မှတ်ခွင့်ပြုချိန် (၆)မိနစ်။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။